www.burmeseclassic.com



တိုယ်ကိုမယိမ်း၊ မျက်နှာကို မတိမ်းဘဲ ငဲ့စောင်းကြည့်လိုက်မိတယ်။

မြစိမ်းဝတ်စုံနဲ့ မဏိစန္ဒာမင်းသမီးကို ရိပ်ခနဲ တွေ့လိုက်ရတယ်။ ခြော

. . . ဖြင်ဖြင်စိမ်းတဲ့ မြစိမ်းရောင်ကိုမှ မင်း တမင်ရွေးချယ်ပြီး ဝတ်ဆင်လာ

သလား ခင်ဦးရယ်။ မြစိမ်းရောင်ထဲမှာ မင်းဟာ ငါ့ကိုလည်း မကြည့်၊ နန်းရ

ဖြင်တိုလဲ မကြည့်၊ ပကတိ ငြိမ်သက်မှုနဲ့ မျက်လွှာချထားတယ်လား၊

မဏိစန္ဒာခင်ဦးရယ်၊ မျက်လွှာချထားပေမယ့် မင့်အမြင်အာရုံထဲမှာ

ရှိနေမယ်ဆိုတာ ငါ သိလိုက်ပါရဲ့ . . . ငါသိလိုက်ပါရဲ့ ခင်ဦးရယ် . . .။

မျက်လွှာကိုပင့် မျက်လုံးကိုဝင့်ပြီး တစ်ခုသောနေရာဆီကို လှမ်းကြ

ဖို့ ငါ မင်းကို ခွင့်ပေးနေပါတယ်။ ခွင့်ပြုနေပါတယ်၊ ကြည့်လိုက်လေ ခင်ဦး

မင်း ကြည့်ချင် မြင်ချင်နေမယ့်သူလေ၊ နှုတ်ဆက်အကြည့်၊ တမ်း

အကြည့်နဲ့ မင်း ကြည့်ချင်နေမှာပါ။ အို . . . သို့ပေမယ့် မင်း ကြည့်ရက်

မဟုတ်ဘူးပေါ့နော်၊ ဟုတ်ပေတာပေါ့ ခင်ဦးရယ်၊

မင်း ကြည့်ချင် မြင်ချင်တဲ့သူဟာ ငလုံး၊ ငထွေ၊ ငဖီး သူရဲကောင်း

ယောက်တို့ရဲ့ ထိပ်ဆုံးနေရာကတ္တီပါဖုံပေးမှာ အခါတိုင်း အမြဲရှိနေကျ၊ ထို

နေကျဖြစ်ပါရက်နဲ့ အခုအချိန်မှာ သူ့နေရာသူ မရှိလေဘဲ . . . ဟိုး . . . န

ဆောင်နံရံဆီမှာ . . .

ရဲရဲနီအဆင်းရှိတဲ့ နှောင်ကြိုးနဲ့ အထပ်ထပ် ရစ်ပတ်တုပ်နှောင်ခံထာ

ရတဲ့ ရာဇဝတ်သား၊ အရိမဒ္ဒနာပူရမှာ ဖြစ်လေ့ရှိတဲ့ မြေမှု၊ အမွေမှု၊ ကျွ

ခိုးမှု စတဲ့ အပြစ်တကာတို့ထက် ကြီးကျယ်သော အပြင်းထန်ဆုံး အပြစ်ကြီး

မှ ကျူးလွန်ထားတဲ့ ရာဇဝတ်သား၊ ရာဇအာဏာ မင်းဘဏ္ဍာကိုမှ ထိခိုက်



ထားလေတဲ့ ရာဇဝတ်သား၊ "မဟာသီရိအနိရုဒ္ဓါဒေဝ"ဘွဲ့ခံ ဘုရင်မင်းမြတ်

နဲ့ သက်ဦးဆံပိုင် အာဏာတော်ကို မထေမဲ့မြင် ပြုလေတဲ့ ရာဇဝတ်သား၊ သေ

င်းရဲ့ ဝတ်ရုံသင်တိုင်းစကိုမှ မရွံ့မရှား၊ လက်ဖျားနဲ့ တို့ထိ ကျီစယ်မိလေတဲ့

ရာဇဝတ်သား။

အဲဒီ ရာဇဝတ်သားဟာ ငါနဲ့ မျက်နှာတူရူ နန်းဦးဆောင်နံရံမှာ နှောင်

ကြိုးအထပ်ထပ်နဲ့ ရှိနေတယ်လေ၊ မင်း သူ့ကို မကြည့်ရက်ဘူး မဟုတ်လား

ခင်ဦး။

အို . . . မကြည့်ရက်တာ မင်းတစ်ယောက်တည်း မဟုတ်ပါဘူး ခင်ဦး

ရယ် . . .။

ငထွေ၊ ငလုံး၊ ငဖီးတို့သုံးဦးသားလည်း သက်ပြင်းကို မရှိုက်၊ ခေါင်းငိုက်

စိုက်နဲ့ မှုမတ်ကလန် သံပျင်တွေကလည်း မလှုပ်မရှား စကားမဆို၊ သင်ဖမ

ရားသူကြီးအဖွဲ့ကလည်း တုံဏှိဘာဝေ အားလုံး အားလုံး ပါပဲလေ။

အသေလိုဖြစ်နေကြတဲ့ နန်းဦးဆောင်ထဲမှာ လှုပ်ရှားနေတာဆိုလို့

ညင်ဆီမီးတိုင်ထိပ်က လူးလွန့်ခိုးယှက်နေတဲ့ မီးခိုးငွေ့တန်းဖြူဖြူလေးတစ်ခု

ရှိတယ်၊ လှုပ်ရှားမှုတွေ ပျောက်ဆုံးနေကြပေမယ့် အသံတွေကတော့ ရှိနေ

တယ်။ ဒါပေမယ့် ဒီအသံတွေကို ပကတိ နားနဲ့ မကြားနိုင်ဘူး၊ ဘာကြောင့်လဲ

ဆိုတော့ အထွေထွေအပြားပြားသော ဝေဒနာတို့ရဲ့ ရိုက်ခတ်မှုကြောင့် ဖြင်းဖြင်း

ပြ လှုပ်ခုန်နေကြတဲ့ ရင်ထဲက နှလုံးခုန်သံတွေ ဖြစ်နေလို့ပဲ။

တစ်စုံတစ်ခုသော အချိန်ကာလဟာ နီးကပ်လာပြီ၊

ဖမ်းယူတားဆီးထားလို့ မရနိုင်တဲ့ ကာလအလျဉ်၊ ပစ္စုပ္ပန်ကတော့ ရှိနေဆဲ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ အတိတ်ဖြစ်သွားတယ်၊ အနာဂတ်ကို မျက်မှောက်ပြုသွားတယ်။ တာ ... သုံးပါးဆက်စပ်မှု၊ ဆက်သွယ်မှု သန္တတိဓမ္မတရား။ ဘာပဲဖြစ်ဖြစ် အချိန်ထ ... ချိန်တိုတော့ ရောက်ရှိဖြတ်သန်းရတော့မယ်။

လှုပ်လှုပ်ရွရွ ဖြစ်စပြုလာတဲ့ သားတော်စောလူးမင်းသားဟာ ခစား... တနေပြီး အကဲမရတဲ့အကြည့်နဲ့ တစ်ချက် လှမ်းကြည့်တယ်။ ငါ မဆိုစလော... လှုပ်ရှားမှုနဲ့ ခေါင်းဆတ်ပြလိုက်တယ်၊

စောလူးမင်းသားရဲ့ နှုတ်ခမ်းတွေ ပွင့်လာတယ်၊

"အရိမဒ္ဒနာပူရ ရွှေပြည်ကြီးသခင် မဟာသိရိအနိရုဒ္ဓါဒေဝဘွဲ့ခံ ဖြ... သော ခမည်းတော်မင်းကြီးရဲ့ ခြေဖဝါးတော်အောက် ဦးတိုက်ခစား ရောက်... ကြပြီဖြစ်သော မှူးမတ်ကလန် သံပျင်၊ သင်ဖမ တရား၊ သူရဲကောင်းသား... ကိုယ်စား သားတော် လျှောက်ကြားတိုင်တည်အပ်ပါတယ်"

သားတော်စောလူးမင်းသားရဲ့ အသံဟာ ထုံးစံအတိုင်း ပြာအက်အ... ကွဲရှရှပေမယ့် တုန်ယင်ထစ်ငေါ့ခြင်း အလျဉ်းမရှိဘဲ သွက်လက် ထက်မြ... တယ်၊

"ဘုန်းတော်ကြီးသော ရေမြေသနင်း ခမည်းတော် မင်းတရားကြီး... အမိန့်တော်ဖြင့် အရိမဒ္ဒနာပူရ စစ်သည်တော်များအား စစ်ကူတောင်းခံ... ဥဿာပဲခူးမင်းထံကို သေနင်္ဂအကူအပံ့ ချီတက်ခဲ့ကြပါတယ်"

အင်း . . . အရိမဒ္ဒနာပူရမှာ ဘယ်တုန်းကမှ မပေါ်ပေါက်ခဲ့ဖူးတဲ့ ဖြ... ကွင်းပါပဲလား။ နေရာတ နန်းဦးရင်ပြင်၊ သဘင်တ တရားစီရင်ရေး၊ တရား... ရင်ရေးသဘင်ဖြစ်ပေမယ့် ရှိခဲ့သမျှ တရားစီရင်မှုတွေနဲ့ မတူလေဘူး။ သင်ဖ...





...ရားအဖွဲ့ဟာလည်း နေရာမှာပဲ အစွဲအမြဲထိုင်လို့ စွဲချက်တင် အပြစ် သမုတ်... ...ဘာ ခါတိုင်းဆိုရင် တရားသူကြီးအဖွဲ့ထဲက တစ်ယောက်ယောက်၊ ဒါမှမဟုတ်... ...သန့်သံပျင် တစ်ယောက်ယောက်။ အခုတော့ စီရင်ချက် စွဲဆိုလျှောက်ထား... ...ဘာ ဘုရင့်သားတော် စောလူးမင်းသားကိုယ်တိုင်၊ အမှုကလည်း ကြီးလေး... ...တဲ့ ရာဇဘဏ္ဍာကို ကျူးနင်းစော်ကားမှု၊ အစွဲခံရတဲ့ ရာဇဝတ်သားကလည်း ...ကြီးသူမဟုတ် . . . ။

"ဘုန်းတော်ကြောင့် ဂျွမ်း စစ်သည် ရန်သူများကို တပ်တော်က အောင် ...နှိမ်နင်းနိုင်ခဲ့ပြီးနောက်မှာ ဥဿာပဲခူးမင်းဟာ ဘုန်းတော်ကြီးဘုရားရဲ့ ...ကျေးဇူးတော်ကို ဦးခိုက်ညွတ်နူးစွာနဲ့ ရွှေငွေဘဏ္ဍာ၊ ရတနာများ၊ ကျေးကျွန် ...လုပ်များ၊ ပစ္စည်းဥစ္စာ လက်ဆောင်ပဏ္ဏာများကို ဆက်သခဲ့ပါတယ်။ ဒီ ...တ်ဆောင်ပဏ္ဏာတော်များအနက်မှာ အဖိုးအနဂ္ဃဖြတ်လို့မရတဲ့ တစ်ခုသော ...ဏ္ဏာတော် ပါရှိခဲ့ပါတယ်။ အဲဒီ ပဏ္ဏာတော်ကတော့ . . . "

သားတော် စောလူးမင်းသားရဲ့အသံဟာ ပိုပြီးကျယ်လောင်လာတယ်။ ...အရာတလည်း ပိုပြီးတက်ကြွလာတယ်။ နှုတ်က တသွင်သွင်ထွက်လာတဲ့ ...လုံးတွေဟာ မလှုပ်ရှားနိုင်တော့တဲ့ အမဲတစ်ကောင်ကို လုံ့လျင်တွေနဲ့ ...ချောင်းပြီးတစ်ချောင်း စိမ်ပြေနပြေ ထိုးစိုက်နေသလိုပဲ၊ အခွံနွှာပြီးတဲ့ ...သီးတစ်လုံးကို တစ်ဆုပ်ပြီးတစ်ဆုပ် အမျှင်အဆံ ဆွဲခွာနေသလိုပဲ။ မစီး... ...င်း မလှည့်ပတ်နိုင်တဲ့ ရေသေ ရေအိုင်ငယ်တစ်ခုအတွင်းကို ကျောက်တုံး ...တစ်တုံးပြီးတစ်တုံး တဝုန်းဝုန်းပစ်ချနေသလိုပဲ၊

ဖြစ်ခဲ့တဲ့အပြစ်ကလည်း အဖြစ်မှန်၊ အမှုကလည်း ကြီးလေးတဲ့ ရာဇဝတ်



www.burmeseclassic.com

www.burmeseclassic.com



စကားလည်းရှိသည်။

"ရတနာပုံနေပြည်တော် နန်းတော်ထဲက တကယ့် ဝန်ကြီးမှူးမတ်ဒေ တောင် ရာဇသတ်၊ မဓမ္မသတ်တွေနဲ့ ပတ်သက်ပြီး ဒီဇာတ်ထဲက ဝန်လေးထ လောက် ကျွမ်းကျင်မယ် မထင်ဘူး"တဲ့.

သည်တော့ ဝန်လေးပါး၏ စကားပြောခန်းပေမယ့် မရွှေမြင် ဖျင်းချိ မရ၊ ငေးနေအောင် နားထောင်နေမိသည်သာ၊ အမေဆိုလျှင် ပိုကြိုက်သည် လက်ချောင်းကြား ညှပ်ထားသော ပြောင်းဖူးဖက်ကို ပါးစပ်နားမှာတော့ မီးသေ နေသည်ကို မီးညှိဖို့ မေ့ကာ သည်အတိုင်းကြီး ရှိုက်ရှင်းဖွာရင်း ဝန်လေးထ အခန်းကို ကြည့်တတ်လေသည်။

ဝန်လေးပါးတို့ ဆွေးနွေးပြီးနောက် သမားစဉ်အတိုင်း လက်စွဲ လူ တော်များ ထွက်လာသည်၊ ဝန်နှင့် လူပျိုတော်သားတို့ တွေ့ကြသည်၊ သည် အခန်းရောက်ပြီဆိုမှဖြင့် အမေတို့ ပြောင်းဖူးဖက်ကို အောက်ချကာ ခွက်ထိုး ခွက်လန် ရယ်ပေပြီ။

"ရုံထုကုဋေ၊ ရုံရွှေဗိုလ်ထု၊ အရွှေရာခံ၊ စံရာဥကင်၊ မင်းရင်ပြင်မှာ၊ ရွှေ ကင်ဘုံပျံ၊ ညီလာခံ စုံငုပါလျက်၊ ငါတို့မရောက်၊ နောက်ကျနေပါမလားရယ်လို့ အရေးတော်ယူပြီး ရမထာရွှေကြိမ် ရေစိမ်လို့ ဆုံးမမှုဖြင့် လူလုံးမလှဘဲရှ ရှောမယ်။ နေမိုးရည်ရော် အချိန်ဖြင့် တော်ပြီ၊ သွားလေဦးမှ ရေးတော်ပုံလှမယ်"

လူပျိုသားနှစ်ယောက် စအထွက်တတော့ ဣန္ဒြေရရ စာနှင့်ပေနှင့် ပြ သည်။

"ကြက်ဥအရောင်၊ တိမ်တောင်သဖွယ်၊ မင်းရေးကျယ်၊ မင်းနွယ်တို့စွ ေ တတ်လှသတဲ့၊ မင်းမှုထမ်းဆိုတာ တမ်းနားသစ်ပင်လိုပဲ၊ တမ်းပါးသစ်ပင် မည်သည် နေ့ပြိုမည်မသိ၊ ညဥ့်ပြိုမည်မသိဝ်၊ အရှင်တလည် မချစ်ကြည် မည်မသင့်ငြား၊ လည်နှင့်ခားတဲ့၊ အရှင်မုန်းက ကာသိကရာဇ်လုံး ပျက်ပျက်ပြ ဆိုတာလို . . . "

အတည်အခန့် ရွတ်နေရာမှ တဖြည်းဖြည်းဖောက်လာသောအခါ ပ သတ်မှာ တအုန်းအုန်း ပွဲကျတော့သည်။

အမေလည်း ရယ်ရင်းမောရင်းဖြင့် တဖြည်းဖြည်းရှေ့တိုးသွားလိုက်သည် မှာ ဝန်ကြီး၏ သိုရင်းကို လှမ်းဆွဲလို့ရသည်အထိ ရှေ့ဆုံးရောက်သွားသည် သမီး မင်းသမီးကို ယင်ဖိုတောင်မသန်းရဆိုတဲ့ ယက္ခကုမ္ဘန်လို ဝန်းရံစောင့်ကြ





နေသည့်အဖြစ်ကိုလည်း အမေ မေ့သွားသည်၊ မရွှေမြင်ကတော့ လက်ဝဲချောင် သပေါ့ဖျာပေါ်မှ မရွှေ့သာ အလှည့်စောင့်ရသည့် မင်းသမီးလေ၊

ဝန်နှင့် လူပျိုတော်သားတို့ တဝါးဝါးဖြစ်နေသော ထိုအချိန်မှာဝင် မရွှေမြင်ထိုင်နေသည့် ဖျာအနီးသို့ အသံတစ်သံ ရောက်လာလေသည်၊

"မရွှေမြင် . . . ကျုပ် စကားပြောပါရစေနော်"

မရွှေမြင် မော့ကြည့်လိုက်သည်။

ပဝါပတ်ပေါင်းတွင် ခေါင်းပေါင်းစကို တွဲရရွဲချလျက်၊ မဲပုဆိုး ခါးပုံစကို သည်တွင် ပြန်သိမ်းချိတ်ဆွဲလျက်၊ ပင်နီရင်စေ့ ခါးတိုအင်္ကျီထက်မှာ လက်ဝဲရင် ခုံပေါ် လက်တင်လျက် ယောကျ်ားတစ်ယောက်၏ ပြုံးစစမျက်နှာ၊

"အခွင့်ပေးရင်တော့ အရေးစကား ဆိုပါရစေ မရွှေမြင်။ ကျုပ်နာမည်က အောင်ညိုပါ။ လယ်တော်အုပ်အရာနဲ့ အမှုတော်ထမ်းပါတယ်။ ဇာတိက နတ် အောက်ရဲ့ ဟိုဘက်က လဲဘူးရိုးမဆီကပါ။ မရွှေမြင် ကတဲ့ ဟောဒီမြေဝိုင်းပွဲကို ကျုပ် လိုက်ကြည့်တာ သုံးခါရှိပါပြီ"

အမေ၊ အမေကလဲတော် . . . ဘယ်ရောက်နေတာလဲ။ အရေးထဲဆို အမေက ပျောက်နေပြီဟု မရွှေမြင် အော်ခေါ်မိသော်လည်း အသံက မထွက် သာ၊ ခက်လိုက်တာ။ ကြောက်လဲ ကြောက်လိုက်တာ၊ လူပျိုလူရွယ်တစ်ယောက် ၏ နှစ်ကိုယ်ကြား စကားပြောခြင်းကို တစ်ခါမှ မကြုံစဖူး။

"လယ်တော်အုပ်အရာနဲ့ အမေအိုကြီးကို လုပ်ကျွေးနေပါတယ် မရွှေမြင်။ အသောက်အစား၊ အပျော်အပါးလဲ ကင်းသူပါ"

အို . . . ဒုက္ခပါပဲတော်၊ ဘာတွေလာပြောနေမှန်းလဲ မသိ၊ မျက်လုံး အကြည့်တွေကလဲ တိုင်ထိပ်အင်တုံထဲက ရေနံချေး မီးရောင်အောက်မှာ စူးစူး ရှရှ ရှိလွန်းလှပါ့တော်။

မရွှေမြင် ခေါင်းငုံ့ပစ်လိုက်ရသည်၊ ရှက်စိတ်က တစ်ကိုယ်လုံးအနှံ့ ဖြန့် သည်၊ သပေါ့ဖျာစွန်းကိုပဲ လက်သည်းနှင့် အတွင်းသား ကုတ်ခြစ်နေမိသည်။

"ကျုပ် ပွဲပြီးအထိ ကြည့်နေမယ်နော်၊ ဟောဟိုထောင့်က လှည်းထော က်လှည်းပါပဲ။ ဒါပဲနော်။ ကျုပ် ခုလိုလာတာကို မရွှေမြင့်အမေ အရိုအသေ မဲ့ ကြေးယုံကို ပြန်တိုင်မှာလားဟင်"

ဒုက္ခပါပဲနော်၊ အမေ့နာမည်တိုတောင် သူ သိနေပါရောလား။ ယယ်ယော င်တဲ့၊ ဒါဆို သူက မင်းပေါက်စိုးပေါက်၊ မင်းမှုထမ်းကြီးပေါ့၊ မရွှေမြင်ကြောက်



www.burmeseclassic.com

www.burmeseclassic.com



သည်မှာ အမှန်ပါ။ စစ်မြေပြင်တွင် ရန်သူ့စိန်ပြောင်းဖြင့် ဆင်ဦးကင်းထတ်
ဝင် ကျဆုံးသွားခဲ့ရှာသော မောင်တော့်အတွက် ထိပ်ထား ထိခိုက်ဝမ်းနည်းရ
သည်။ ဥပေစ္ဆာဒကာံဖြင့် ကံတော်ကုန်ရှာသောကြောင့်လည်း ပို၍ စိတ်ထ
မကောင်းဖြစ်ရပါသည်။

သို့သော် ဤအရာအားလုံးကို ထိပ်ထားက ဘယ်သို့များ ပြုပြင်စီရင်နိုင
သလဲ။ အိမ်ရှေ့စံမိဖုရားတည်းဟူသော အာဏာတော်ဖြင့် ထိပ်ထားသည် အ
အရာများကို မိမိသဘောအလိုကျ ဖန်တီးကိုင်တွယ်နိုင်ပါသလဲ။ အို . . . မိ
တူသော အဖြစ်ကို ထားပါဦး။ မိန်းမသားတစ်ဦးအနေဖြင့်ပင် ထိပ်ထားသ
ထိပ်ထား၏ဘဝ၊ ထိပ်ထားနှင့် ပတ်သက်ဆက်နွှယ်နေကြကုန်သော ဘဝမျ
ဘယ်လောက်ထိများ ရွေးချယ်တည်ဆောက်နိုင်ခဲ့ပါသလဲ။

ထိပ်ထားသည် ရွေးချယ်သူ မဟုတ်၊ အရွေးချယ်ခံရသူသာ။

ထိပ်ထားလည်း ပြုပြင်ဖန်တီးသူ မဟုတ်၊ ပြုပြင်ဖန်တီးခြင်းခံရသူ

ရှင်သန်နေသော အရာများကိုပင် မပိုင်နိုင်သည့် ထိပ်ထားသည် သေ
မရဏတရားကြီးကို ဘယ်လိုများ ပိုင်နိုင်ပါမည်လဲ။ အနတ္တသဘောကို ထိ
သည် ဘဝနှင့်ရင်း၍ နားလည်ခဲ့ရပါသည်။

အဆုံးစွန်စကားကို ဆိုလိုက်တော့မည်။ ရာဇာဓာတုကလျာဟူ
အမည်သည်ပင်လျှင် ထိပ်ထားကိုယ်ထိပ်ထား ရွေးချယ်မှည့်ခေါ်ရသည် မ
ပါ။ ဟံသာဝတီနေပြည်တော် မဟာစေတီ၏ သရီရဓာတ်တော် ဌာပနာပူ
အခါသမယတွင် ဖွားမြင်ခဲ့သူဖြစ်ခြင်းကြောင့် ထိပ်ထားကို ခမည်းတော်
နောင်မင်းတရားကြီးက "ရာဇာဓာတုကလျာ"ဟု မှည့်ခေါ်ခြင်း မဟုတ်ပါ
လောကအလယ်တွင် မိန်းမသားတစ်ဦးအဖြစ် အသက်ရှင်ဖို့ ရောက်ရှိလာ
၏ ကနဦးအစကပင် ထိပ်ထားသည် အဆုံးဖြတ်ခံ၊ အရွေးချယ်ခံ၊ ဖန်တီး
ခံဘဝသို့ ရောက်ရှိခဲ့ရပါသည်။

အမည်နာမကိုပင်လျှင် ကိုယ်တိုင် ရွေးချယ်သုံးစွဲခွင့်မရှိခဲ့သော မိ
သားတစ်ယောက်တ မင်းမိဖုရားတည်းဟူသော အာဏာတော်ဖြင့် အရာ
ချုပ်ကိုင်စီရင်နိုင်မည်ဆိုခြင်းမှာ မဖြစ်နိုင်စကောင်းသော အရာသ
မရဏတရားကိုလည်း ထိပ်ထားသည် ငယ်စဉ်ကတည်းက မျက်ဝါးထင်
ကြုံခဲ့ရသည်။ ထိပ်ထား ငယ်စဉ်ကတည်းကပင် မယ်ဖုရား ကံတော်ကုန်ခဲ့သ
ပင်တိုင်စံ ဧကရီအဖြစ် စံနေတော်မူခဲ့သည်မှန်သော်လည်း ထိပ်ထား အ





စ်ဆယ်တော့်မှာပင် ခမည်းတော်မင်းတရားကြီး နတ်ရွာစံခဲ့ပြန်သည်။

ငါးဆူဒါယကာမင်းကြီး ဟံသာဝတီနန်းကို စိုးစံပြီး သားတော် မင်းကြီးစွာ
မ်ရှေ့ဥပရာဇာဖြစ်သည့် အချိန်မှာပင် ထိပ်ထားသည် အိမ်ရှေ့စံ မိဖုရားဖြစ်
ရသည်။ မိန်းမသားအများစုတို့ လိုချင်တောင့်တရှိကုန်ကြသော ဥပရာဇာ၏
ဝဓိမိဖုရားအဖြစ်ကိုလည်း ထိပ်ထားသည် ကိုယ်တိုင်ဖန်တီးခြင်း မပြုရပါဘဲ
ကြမ္မာ၏ ထားရာနေ စေရာသွား စီရင်ချက်များဖြင့် အလိုအလျောက် ရောက်
ရသည်။

ယခု မောင်တော် ဥပရာဇာသည် စစ်မြေပြင်တွင် ကျဆုံးခဲ့ပြန်ပြီ။

မြင်ပတွင်ကျဆုံးသော မင်းဆွေစိုးမျိုးတို့၏ ရုပ်ကလာပ်ကို မြို့တွင်းသို့
ဆောင်ရ၊ မြို့ပြင်မှာသာ သဂြိုဟ်ရမည်ဟူသော သာကီနွယ်တို့၏ ထုံးမလေ့
ရ မောင်တော်ဥပရာဇာကို မြို့ပြင်တောအုပ်အတွင်း၌ သူတို့ဈာပနသဘင်
င်းပကြသည်။ နတ်ရွာစံ အိမ်ရှေ့မင်း၏ မိဖုရားအဖြစ် ထိပ်ထားသည် ဈာပန
ခမ်းအနားသို့ တက်ရောက်ခဲ့ရသည်။

ထိပ်ထား သည်းထန်စွာ ရှိုက်ငိုလိမ့်မည်ဟု သူတို့ ထင်နေကြသည်လား။
. . . သည်တစ်ခါတော့ သူတို့ မြင်ချင်ဖြစ်စေချင်သော အနေအထားကို
ထား မဖော်ပြနိုင်တော့ပါ။ မငိုချင်သော ထိပ်ထားထံမှ မျက်ရည်ကို သူတို့
ရမည် မဟုတ်ပါ။ အမြဲတစေ ပြုပြင်စီရင်ခြင်းကို ခံခဲ့ရသော ထိပ်ထားသည်
ခုအခါတွင်မတော့ ကိုယ်တိုင် ခံစားမှုဝေဒနာကို အမှန်အတိုင်းသာ ဖော်ပြ
တ်တော့မည်။

ထိပ်ထား မငိုချင်ပါ။ ထို့ကြောင့် မျက်ရည်လည်း ကျမလာပါ။

သူ့အတွက် မျက်ရည်စက် ကျမလာခြင်းကြောင့် မောင်တော်ဥပရာဇာ
ဝိညာဉ်သည် ထိပ်ထားကို နားကြည်းခွင့်လွှတ်နိုင်ပါစေ။ မျက်ရည်ဟူသည်
နှလုံးသည်းပွတ်ကို ကြိတ်ချေခြင်းခံရရာမှ စိမ့်ယိုထွက်ပေါ်လာသည့် ဝေဒနာ
အကျန်ဟု ထိပ်ထားသဘောပေါက်မိသည်။ ယခု ထိပ်ထား၏ နှလုံးသည်း
တ်မှ ဘာမျှ ထိခိုက်နာကျင်ခြင်းမရှိပါ။ ထိပ်ထားခံစားနေရသည်မှာ အသိ
ဉာဏ်တရား၏ ရှုပ်ထွေးမည်းမှောင်ခြင်းသာ ဖြစ်သည်။

စစ် . . . စစ်ပွဲ . . . .။ ဆွေတော်မျိုးတော်တို့အချင်းချင်း
အာယာတ၊ ဒေါသ၊ မစ္ဆရိယများ၏ ပူလောင်ခြင်းဖြင့် တိုက်ခိုက်သ
သာစစ်ပွဲ။ အတိုင်းတိုင်းအပြည်ပြည် ပြည့်ရှင်တို့၏ တန်ခိုး၊ အ



www.burmeseclassic.com

